မာတိကာ

ကျွန်ုပ်သိသော မူဂျာဟစ်

- ထုတ်ဝေသူ၏ ကျေးဇူးစကား က
- ဒေါက်တာအေးချမ်း၏အမှာစာ ဂ
- တည်းဖြတ်သူ ရခိုင်သုတေသီ၏အမှာစာ ဎ
- အာသီသ ၇
- နိဒါန်း ၉
- မူဂျာဟစ်ခေါင်းဆောင်များ အတ္ထုပ္ပတ္တိ ၁၅
  - အခန်း (၁) မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်မွတ်စလင် ၂၅
  - အခန်း (၂) ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် ၃၉
  - အခန်း (၃) မူဂျာဟစ် အားစမ်းပွဲ ၅၁
  - အခန်း (၄) ဘူးသီးတောင်ကို ဝိုင်းခြင်း ၅၉
  - အခန်း (၅) မောင်တောမြို့သို့ စာပို့ရခြင်း ၇၉
  - အခန်း (၆) နိုင်ငံတော်အစိုးရက လွှဲအပ်သည့် ငြိမ်းချမ်းရေးအဖွဲ့ ၁၀၁
  - အခန်း (၇) ဗိုလ်ကာဆင်း (ဝါ) ကာဆင်းရာဇာ ၁၁၇
  - အခန်း (၈) ဘူးသီးတောင်မြို့နယ် ငြိမ်းချမ်းရေးအဖွဲ့ ၁၂၇
  - အခန်း (၉) ဗိုလ်ရော်ရှိတ်နှင့် ဘူးသီးတောင် ၁၅၃
  - အခန်း(၁၀) မင်္ဂလာကြီးတောင်တိုက်ပွဲ ၁၆၁
  - အခန်း(၁၁) မေယုနယ်ခြားခရိုင်အုပ်ချုပ်ရေး ၁၇၃

မာတိကာ

ကိုယ်တွေ့ မေယုမြေနှင့် ရိုဟင်ဂျာ

- အာသီသ ၁၇၉
- မူဂျာဟစ်နှင့် ရိုဟင်ဂျာရှင်းတမ်း နိဒါန်း ၁၈၁
  - အခန်း (၁) ကိုယ်တွေ့မေယုမြေ ၂၄၇
  - အခန်း (၂) နပ်ဖ် (Naaf) သင်္ဘောပေါ်တွင် ၂၅၅
  - အခန်း (၃) ဘူးသီးတောင် ၂၆၅
  - အခန်း (၄) ဘူးသီးတောင်မြို့သစ် (၁၉၁၀-၁၃) ၂၇၉
  - အခန်း (၅) မောင်တောအခြေအနေ ၂၈၅
  - အခန်း (၆) စစ်တကောင်း လယ်ကူလီဦးရေ ၂၈၉
  - အခန်း (၇) အခမ်းအနားနှင့် ရာသီပွဲများ ၂၉၇
  - အခန်း (၈) ပဌမမြောက်ကျော့ဘုရင် နန်းတက်ပွဲ ၃၀၃
  - အခန်း (၉) ဘူးသီးတောင် (၁၉၁၃-၁၈) ၃၀၅
  - အခန်း(၁၀) နိုင်ငံရေးပါတီမဝင်မီ ၃၄၃
  - အခန်း(၁၁) ၁၉၄၂-၄၅ ခုနှစ်များ အကျဉ်းစံဘဝ ၃၅၇
  - အခန်း(၁၂) ၁၉၄၈ ခုနှစ် နောက်ပိုင်း ၃၆၃
  - အခန်း(၁၃) ရိုဟင်ဂျာ ၃၆၉
- နိဂုံး ၃၇၃
- ဦးစံထွန်းအောင်၏အတ္ထုပ္ပတ္တိ ၃၇၅
- တည်းဖြတ်ရာတွင် မှီငြမ်းကိုးကားချက်များ ၃၈၄
- အက္ခရာဝလိအညွှန်း ၃၈၅
- နောက်ဆက်တွဲ (၁) ၃၉၂
- နောက်ဆက်တွဲ (၂) ၃၉၃

ဒေါက်တာအေးချမ်း၏အမှာစာ

ဦးစံထွန်းအောင်ကို ရသေ့တောင်မြို့နယ် သရက်ပြင်ကျေးရွာတွင် ၁၈၉၉ ခု မတ်လ ၂၆ ရက်နေ့တွင် ဖွားမြင်သည်။ အသက် (၇)နှစ် အရွယ်ကပင် မိဘနှစ်ပါးနှင့်အတူ ဘူးသီးတောင်မြို့သို့ ပြောင်းရွှေ့နေထိုင်သည်။ အထက်တန်းရှေ့နေတစ်ဦး ဖြစ်လိုသော ဆန္ဒရှိခဲ့သော်လည်း ဖခင်ကွယ်လွန်သည့်နောက် မိသားစုအခြေအနေအရ အင်းစိန်မြို့ တိရစ္ဆာန်ဆေးသိပ္ပံတွင် ပညာဆက်လက် သင်ကြားပြီး လက်ထောက်တိရစ္ဆာန်ဆေးကုဆရာဖြစ် လက်မှတ်ရရှိကာ မြစ်သား၊ စစ်တွေ၊ မြောက်ဦးနှင့် ရမ်းဗြဲမြို့များတွင် တိရစ္ဆာန်ဆေးကုဆရာအဖြစ် အမှုထမ်းသည်။ နောင်တွင် တိရစ္ဆာန်ဆေးကုဆရာအဖြစ်ကို စွန့်လွှတ်ကာ ရမ်းဗြဲမြို့ အမျိုးသားကျောင်းတွင် အလယ်တန်းပြဆရာအဖြစ် အမှုထမ်းသည်။

ထို့နောက် ဇာတိဖြစ်သော ဘူးသီးတောင်မြို့သို့ ပြောင်းရွှေ့လာပြီး ဝတ်လုံဦးသာဇံလှက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ရခိုင်တိုင်းလုံးဆိုင်ရာအသင်းတွင် တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရာမှ နိုင်ငံရေးတွင် စတင်ဆောင်ရွက်လာခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့၏ တာဝန်ပေးချက်အရ အဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ရန်ကုန်မြို့သို့ လာရောက်ပြီး ဒေါက်တာဘမော်ဦးဆောင်သော ဗမာ့ထွက်ရပ်ဂိုဏ်းနှင့် ဆက်သွယ်ခဲ့သည်။

ဂျပန်အဝင် ဗြိတိသျှတပ်များဆုတ်ခွာသောအခါ ဗြိတိသျှအစိုးရသည် ဦးစံထွန်းအောင်နှင့် ထွက်ရပ်ဂိုဏ်းနှင့် ဆက်စပ်သူများကို ဖမ်းဆီးပြီး "ဒါကာ"အကျဉ်းထောင်သို့ နိုင်ငံရေးအကျဉ်းသားများအဖြစ် ပို့လိုက်လေသည်။ ဒါကာထောင်ထဲတွင် ဦးစံထွန်းအောင်သည် အိန္ဒိယအမျိုးသားကွန်ဂရက်မှ အထိန်းသိမ်းခံနိုင်ငံရေးသမားများနှင့် တွေ့ဆုံပြီး လစ်ဘရယ်ဒီမိုကရက်တဦးဖြစ်လာလေသည်။ ထောင်မှလွတ်လာပြီးနောက် မြန်မာနိုင်ငံသို့ပြန်လာကာ ဆရာတော်ဦးပညာသီဟ၏ လမ်းညွှန်မှုဖြင့် စစ်တွေခရိုင် ဖဆပလအဖွဲ့၏ စည်းရုံးရေးမှူး(အတွင်းရေးမှူး) ဖြစ်လာသည်။ နောင်တွင် ဖဆပလအဖွဲ့နှစ်ခြမ်းကွဲသည်အထိ စစ်တွေခရိုင် ဖဆပလအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဖဆပလအကွဲတွင် သန့်ရှင်းဖဆပလဘက်မှ ရပ်တည်ပြီး ပြည်ထောင်စုအဖွဲ့(ပထစ)၏ ဗဟိုအလုပ် အမှုဆောင်တစ်ဦး အဆင့်အထိ ပါတီတာဝန်ကို ထမ်းဆောင်ခဲ့သည်။

အင်္ဂလိပ်ပြန်အဝင်တွင် ဦးစံထွန်းအောင်သည် စစ်တွေခရိုင် ဖဆပလအတွင်းရေးမှူး တာဝန်အပြင် ရခိုင်တိုင်း ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ စစ်ရေးတာဝန်ခံအဖြစ်လည်း ခေတ္တ တာဝန်ယူခဲ့သေး၏။ ၁၉၄၇ ခုနှစ်တွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ၌ မူဂျာဟစ် သူပုန်ထသောအခါ သူ၏ ပြည်သူ့ရဲဘော်တပ်ဖွဲ့များကို စည်းရုံး၍ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ ဘူးသီးတောင်မြို့ကို ကာကွယ်ခဲ့သဖြင့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုခြင်းကို ခံခဲ့ရလေသည်။ မူဂျာဟစ် သောင်းကျန်းသူများ၏ ခြေလှမ်းကို အကဲခတ်မိလာသော ဦးစံထွန်းအောင်သည် "ကျွန်ုပ်သိသော မူဂျာဟစ်"ဟူသော စာတမ်းကို စတင်ရေးသားလေသည်။ နောက်ဆယ်နှစ်ခန့်အကြာ "ကိုယ်တွေ့မေယုမြေ" စာတမ်းကို ရေးသားသည်။

သူသည် ၁၉၄၂ ဂျပန်အဝင် အင်္ဂလိပ်အထွက် ဘူးသီးတောင် ပျက်သည်ကို ဒါကာထောင်အတွင်းမှ ကြားရသည်။

ဘူးသီးတောင် သဘော်ဆိပ်တွင် မီးသဘော်နစ်မြုပ်ရာတွင် ရခိုင်လူမျိုးသုံးရာခန့် ရေနစ်သေဆုံးကြပုံ၊ တစ်မြို့လုံး သွေးချောင်းစီး၍ ရခိုင်ကျေးရွာများ ပြာပုံအတိရောက်ကြရပုံစသော သတင်းစကားများသည် သူ့ကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ သူ ချစ်ခင်ရသော မိသားစုကိုလည်း အသက်ရှင်လျက် တွေ့မည်ဟု မမျှော်လင့်တော့။ ထောင်မှလွတ်တော့ ရခိုင်သို့ အဆောတလျင်ပြန်လာပြီး မိသားစုကို ရှာသည်။ ဇနီးသည်ကို မင်းပြားမြို့နယ်တွင် စစ်ပြေးအဖြစ် တွေ့ရသည်။ ဇနီးကိုခေါ်ပြီး ဘူးသီးတောင်တွင်ပြန်ပြီး အခြေစိုက်သည်။ သူပြန်လည် အခြေစိုက်သည့် သူချစ်သော ဘူးသီးတောင်သည် ၁၉၄၂ ခု နောက်ပိုင်းတွင် ယခင်ကနှင့် မတူတော့။ အပြောင်းလဲကြီး ပြောင်းလဲခဲ့လေပြီ။ တဖက်နိုင်ငံသားများ အပြောက်အမြား ဝင်ရောက်အခြေစိုက် နေကြလေပြီ။ စစ်မဖြစ်မီက ထက်ဝက်ခန့်ရှိခဲ့သော ရခိုင်နှင့် အခြားတိုင်းရင်းသားတို့မှာ လက်တစ်ဆုပ်စာမျှသာ။ မေယုမြစ်တဖက်ကမ်းမှ ညအချိန်တွင် မောင်းထု၍ လူစုကြပြီး စစ်တကောင်းသား ဘင်္ဂါလီဘာသာဖြင့် ဖဆပလအစိုးရကို အော်ဟစ်ဆဲဆိုသံများကို နေ့တိုင်းလိုလို ကြားရ၏။ အိမ်ခြေဆယ်ဂဏန်းမျှသော ရခိုင်ကျေးရွာများမှာ အမြဲလိုလို အငြိမ်းခြောက်ခံနေရပြီ။ မေယုမြစ်ကမ်းဘေးမှ ရွာများ ရွာအမည်မျှသာ ရခိုင်ရွာအဖြစ် ကျန်တော့၏။ ခေတ်အပျက်တွင် ရခိုင်ရွာသားများကို မောင်းထုတ်ပြီး ဘင်္ဂါလီတို့ အခြေချနေထိုင်နေကြလေပြီ။ ဤကား နှစ်ဆယ်ရာစုတွင် အမြန်ဆုံးသော ကိုလိုနီထူထောင်မှုတစ်ခု ဖြစ်၏။ ဘိုးဘွားပိုင် ရခိုင်မြေကား ဘင်္ဂါလီတို့၏ ကိုလိုနီအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြလေပြီ။

ဦးစံထွန်းအောင်သည် ၁၉၀၆ ခုနှစ် အင်္ဂလိပ်တို့ ဘူးသီးတောင်မြို့ကို ထူထောင်ကတည်းက သူ၏ မျက်စိအောက်တွင် တမဟုတ်ချင်း ပြောင်းလဲလာသော သူ့ဇာတိရပ်ရွာကိုကြည့်ကာ နယ်ချဲ့စနစ်ကို မုန်း၏။ တိုင်းခြားသားတို့၏ လူဦးရေဖြင့် နယ်ပယ်ချဲ့ထွင်ခြင်းသည် ကိုလိုနီစနစ်၏ အကျိုးဆက်ဖြစ်သည်ဟု သူမြင်သည်။ လိုအပ်လျှင် လက်နက်စွဲကိုင်၍ ခုခံရမည်ဟုလည်း ရှုမြင်ထား၏။ ထို့ကြောင့် စစ်တွေခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဖျက်သိမ်းသည်အထိ ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို အစည်းအရုံးမပျက်အောင် ထိန်းသိမ်းခဲ့သည်။

စစ်တကောင်းသားများ အုံနှင့်ကျင်းနှင့် ဝင်ရောက် အခြေချနေထိုင်ကြသည်ကို စစ်ပြီးခေတ်တွင် ရခိုင်တိုင်းမင်းကြီးအဖြစ် တာဝန်ယူခဲ့သော မောင်ထင် (ဦးထင်ဖတ်) ရေးသားတင်ပြပုံမှာ အလွန်အသက်ဝင်လှ၏။

> "**စစ်တကောင်းအနွယ်လူမျိုးတို့နှင့် ရခိုင်တိုင်းရင်းသားတို့သည် ဗြိတိသျှတို့ ရခိုင်ပြည်ကို အုပ်စိုးသည်မှစ၍ ကုလားပန်းဇင်း (မေယု) မြစ်ဝှမ်းဒေသ၌ ဝင်ရောက်နေထိုင်လာကြခြင်း ဖြစ်သည်။ ရခိုင်တို့သည် အိမ်ရှင်ဖြစ်၏။ စစ်တကောင်းသားတို့ကား ဧည့်သည်တည်း။** ဧည့်သည်လူမျိုးတို့က ရေကြည်ရာ မြက်နုရာ၌ နယ်သစ်တည်ရန် ရောက်ရှိလာကြသူများဖြစ်၍ ပိုက်ဆံရမည့် အလုပ်မှန်သမျှကို အောက်ကျနောက်ကျ ဖြစ်သည်ဟု မယူဆကြချေ။ ထို့ကြောင့် ဧည့်သည်တို့ နေထိုင်ရာ ကုလားပန်းဇင်းမြစ်ဝှမ်း၏ အနောက်ဘက်ကမ်းခြေတွင် လယ်ယာ ဥယျာဉ်သီးနှံလုပ်ခင်း၊ နွားခြံ၊ ဆိတ်ခြံတို့သည် ပဒေသာကဲ့သို့ မြေမှ ပေါက်၍ လာကြလေသည်"

ဘူးသီးတောင်မြို့နယ် မြေစာရင်းဦးစီးဌာနမှ မှတ်တမ်းများအရ ဘူးသီးတောင်မြို့နယ်တစ်ခုလုံးတွင် ၁၉၀၅ ခုနှစ်က စစ်တကောင်းသား ဘင်္ဂါလီရွာ (၁၁)ရွာသာ ရှိ၏။ ခြင်းသမား၊ တပ်မင်းချောင်း၊ လက်ဝဲဒက်ပြင်ရှည်၊ ကကျာဘက်၊ နန်းရာကုန်း၊ မောင်နှမ၊ လက်သာရွာ၊ စိမ့်ညှင်းပြား၊ ဘုရားပြင် ဒိုးတန်း၊ ဝူတာပြင်နှင့် သိမ်တောင်တို့ ဖြစ်ကြသည်။ ထိုရွာများ၏ အမည်များကို ကြားလိုက်လျှင်ပင် တစ်ချိန်က ရခိုင်ကျေးရွာများ ဖြစ်ခဲ့သည်ကို မငြင်းနိုင်ချေ။ ၁၉၄၂ အဓိကရုဏ်း စတင်သည့်အချိန်တွင် ၈၈ ရွာအထိ တိုးပွားနေလေပြီ။

၁၉၃၇ တွင် ၉၁ ဌာနချုပ်ရေးဖြင့် မြန်မာပြည်ကို အိန္ဒိယမှ ခွဲထုတ်လိုက်လေသည်။ ဘင်္ဂလားနယ်သားများ မြန်မာနိုင်ငံသို့ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်နေကြခြင်းကို တားဆီးရန် ၁၉၃၉ ခုနှစ်တွင် မြန်မာနန်းရင်းဝန် ဦးစောနှင့် အိန္ဒိယအတွင်းဝန်ချုပ် ဘတ်ချ်ပါယီတို့ နှစ်ဦးသဘောတူစာချုပ်ကို လက်မှတ် ရေးထိုးကြသည်။ သို့ရာတွင် ထိုစာချုပ်မှာ ၁၉၄၁ ခု ဇူလိုင်လ ၂၁ ရက်နေ့မှ အသက်ဝင်မည် ဖြစ်ရာ နောင်ဝင်ရန်ခက်မည်စိုးသဖြင့် စစ်တကောင်းသားများ ယခင်ထက် အဆပေါင်းများစွာ ဝင်ရောက်အခြေချလာကြသည်။ ထိုအဖြစ်အပျက်ကို ဦးစံထွန်းအောင်က အောက်ပါအတိုင်း သရုပ်ပေါ်အောင် မှတ်တမ်းတင်သွားခဲ့လေသည်။

> "ခွဲထွက်ရေးကို စတင် ဆွေးနွေးလိုက်သည်နှင့် တပြိုင်နက် စစ်တကောင်းခရိုင်ပြို၍ ပြေးလာသည့်အလား ဝင်ရောက်လာကြလေတော့သည်။ စစ်တကောင်းသားများသည် အဆုံးအစဟူ၍ မရှိတော့ချေ။ လမ်းဘေး၊ သဘော်ဆိပ်၊ မြို့တွင်း-မောင်တော၊ ဘူးသီးတောင်လမ်း တလျှောက်လုံးတွင် စစ်တကောင်းသားများဖြင့် ပြည့်ကျပ်နေတော့သည်။ ယခင်က စပါးရိတ်ပြီး ပြန်လေ့ရှိကြသူများပင် ပြန်လာ၍ မရမည်ကို စိုးရိမ်၍ မပြန်ကြတော့။ ထိုသုံးနှစ်၊ သုံးမိုးအတွင်း တစ်ခါမှ မြို့ရွာဟူ၍ မရှိခဲ့သော တောစပ်တောင်ဇွယ်များတွင်ပါ ကျေးရွာများ အလျှိုလျှို ပေါ်လာကြကုန်၏။ ရှိရင်းရွာများလည်း နှစ်ဆသုံးဆမျှ ကြီးလာကြသည်။ ခရိုင်အုပ်ချုပ်ရေးအဆင့်ရှိသော အင်္ဂလိပ်အရာရှိများကလည်း အရေးတယူမရှိ၊ မသိကျိုးကျွံ ပြုနေကြလေသည်"

ဤသို့ အခိုင်အဖြီး ရပ်တည်လာသော စစ်တကောင်းသား အခြေချအိမ်ရာများသည် ထိုမှနောက်တွင် ဆုတ်ယုတ်သွားသည်ဟူ၍ မရှိတော့။ တိုးပွားသည်ထက် တိုးပွား၍သာ နေလေသည်။ စစ်အတွင်းတွင် ဗြိတိသျှတို့က လက်နက်တပ်ဆင်ပေးခဲ့သော စစ်တကောင်းသား အပျော်တမ်းတပ်ဖွဲ့သည် ရှိသမျှ ရခိုင်ကျေးရွာများကို မြေလှန်မီးရှို့ပြီး ဖျက်ဆီးပစ်ကြ၏။ အသက်ဘေးမှ လွတ်မြောက်လာကြသော ရခိုင်တို့ကား ရခိုင်လူမျိုးတို့ အားကောင်းရာ မြောက်ဦး၊ ကျောက်တော်နှင့် မင်းပြားနယ်များသို့ ထွက်ပြေးခိုလှုံကြရလေသည်။

စစ်ပြီးခေတ်တွင် မူဂျာဟစ် ဆူပူသောင်းကျန်းမှုနှင့်အတူ ရခိုင်ကျေးရွာများကို ပြန်လည်နေရာချထား၍ မရတော့ချေ။ ဗြိတိသျှအစိုးရသည် ရခိုင်ရွာများ ပြန်လည်နေရာချထားရေးအတွက် လုံလောက်သော ရန်ပုံငွေကိုလည်း ခွင့်ပြုထားခြင်း မရှိသဖြင့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ ၁၉၄၂ တွင် နေရပ်စွန့်ခွာထွက်ပြေးရသူ ရခိုင် ၂၄၀၀ အနက် ၂၇၇ ယောက်ကိုသာ ပြန်လည်နေရာချထားနိုင်သည်ဟု ရခိုင်တိုင်းမင်းကြီးက အစီရင်ခံသည်ကို ဖတ်ရှုရပါသည်။

အခြားတစ်ဖက်တွင် မူဂျာဟစ် သောင်းကျန်းသူများသည် ရခိုင်ကျေးရွာများကို ညအချိန်သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်၍ ထိပါးနှောင့်ယှက်နေလေသည်။ တရားဝင်ဖွဲ့စည်းထားသော မွတ်စလင်အဖွဲ့အဖြစ် ဂျမီယေတုအုလေမာ (Jami etu- Ulema) အဖွဲ့ ဟူ၍ရှိ၏။ ထိုအဖွဲ့သည် တစ်ဖက်တွင် ငြိမ်းချမ်းရေးကို လိုလားပါသည်ဟု အယောင်ပြလှုပ်ရှားပြီး အခြားတစ်ဖက်တွင် မူဂျာဟစ်သူပုန်များနှင့် လက်ဝါးရိုက်၍ ဆောင်ရွက်နေလေသည်။ ထိုအဖွဲ့ပင်လျှင် ကရာချိမြို့သို့ ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ပြီး ဘူးသီးတောင်၊ ရသေ့တောင်နှင့် မောင်တောမြို့နယ်များကို အရှေ့ပါကစ္စတန် နိုင်ငံအတွင်းသို့ သွတ်သွင်းရန် မွတ်စလင်လိဂ်ခေါင်းဆောင် အလီဂျင်နားအား အရေးဆိုလေသည်။ ထိုအဆိုကို မွတ်စလင်အဖွဲ့ချုပ်က ပယ်ချသောအခါ ၁၉၅၂ ခုနှစ်တွင် အလယ်သံကျော်ညီလာခံကို ကျင်းပ၍ ထိုဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော မွတ်စလင်ပြည်နယ်အဖြစ် ဖွဲ့စည်းပေးရန် တောင်းဆိုခဲ့သည်။ မေယုနယ်ခြားဒေသမှ ရခိုင်ကျေးလက် ပြည်သူများကား မူဂျာဟစ် သောင်းကျန်းမှုကို ခါးစည်း၍ ခံခဲ့ကြရသည်။ မူဂျာဟစ်တို့သည် တစ်ခါက ဘူးသီးတောင် ရွာမကျောင်းဆရာတော်နှင့် ရဟန်းများကိုပါ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြလေရာ လျော်ကြေးငွေ အမြောက်အမြားပေးပြီး ရွေးယူခဲ့ကြရသည်။ မူဂျာဟစ်တို့သည် ပါကစ္စတန်အလံကို လွှင့်ထူကိုင်ဆောင်ကြ၏။ သူတို့၏ ကြွေးကြော်သံမှာ ပါကစ္စတန် ဇိန္ဒါဘာဒ် (ပါကစ္စတန် အောင်မြင်ပါစေ)ဟူ၍ ဖြစ်သည်။ အစကနဦးကပင် မေယုနယ်ခြားဒေသကို ပြည်ထောင်စုအတွင်းမှ ခွဲထုတ်၍ အရှေ့ပါကစ္စတန်နှင့် ပူးပေါင်းရန် ရည်ရွယ်ခဲ့သည်မှာ အထင်အရှားပင်။

ဦးစံထွန်းအောင်သည် ဘူးသီးတောင်မြို့နယ် ဖဆပလဥက္ကဋ္ဌအနေဖြင့် ရခိုင်မြောက်ပိုင်းတွင် သီးခြား မွတ်စလင်အုပ်ချုပ်ရေး ထူထောင်ရန် တောင်းဆိုခြင်းကို ကန့်ကွက်သည့် စာတစ်စောင်ကို နိုင်ငံတော်အစိုးရထံ တင်သွင်းသည်။ လွတ်လပ်ရေးခေတ်တွင်လည်း နိုင်ငံ့ဝန်ထမ်းများ အကျင့်ပျက် ခြစားမှုကြောင့် စစ်တကောင်းသားဦးရေသည် ကြောက်ခမန်းလိလိ တိုးတက်နေခဲ့လေရာ ထိုလူမျိုးခြားတို့သည် အခွင့်သာတိုင်း အနောက်ဘက်နယ်ခြားဒေသကို မြန်မာပြည်မှ ဖဲ့ထုတ်၍ သီးခြားလွတ်လပ်သော မွတ်စလင်နယ်မြေတစ်ခု ထူထောင်ရန် ကြိုးပမ်းနေခဲ့ကြကြောင်း တွေ့ရသည်။

စစ်တကောင်းသား ဘင်္ဂါလီများသည် မောင်တောခရိုင်ကို အာရပ်ဘာသာဖြင့် ဒါရုးလ်အာလ်ဟာဗ် (Dal-rul Alhab) ဟု မှတ်ယူထားကြသည်။ ယင်း၏အဓိပ္ပာယ်မှာ မွတ်စလင်ဘာသာဝင်များနှင့် မိစ္ဆာဒိဋ္ဌိတို့၏ စစ်ပွဲဆင်နွှဲနေကြသော နယ်မြေဟု အဓိပ္ပာယ်ရသည်။ လက်နက်ကိုင်အင်အား မည်ရွေ့မည်မျှရှိမည်ကို မသိရသော်လည်း ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ (Rohingya Solidarity Organization) နှင့် အာရ်ဆာ (Arakan Rohingya Salvation Army) တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့(စ်)ဘဇားခရိုင်တွင် အခြေစိုက်ပြီး လှုပ်ရှားနေကြသည်မှာ အထင်အရှားပင် ဖြစ်သည်။ ဤအဖွဲ့များသည် ယခင်က လှုပ်ရှားခဲ့ဖူးသော အဖွဲ့အစည်းများနှင့်မတူ အစ္စလာမ်မစ် နိုင်ငံတော်အဖွဲ့ကဲ့သို့ အစွန်းရောက် မွတ်စလင်စစ်သွေးကြွဝါဒကို ဆုပ်ကိုင်ထားသူများ ဖြစ်ကြသည်။ အာရ်ဆာခေါင်းဆောင် အာတာအူလာသည် ထိုသို့ အတိအလင်း ကြေညာထားပြီး ဖြစ်သည်။

အာရ်အက်စ်အိုကဲ့သို့သော အဖွဲ့များသည် အာဖဂန်နစ္စတန် စစ်ပွဲအတွင်းကပင် နိုင်ငံတကာအကြမ်းဖက်အဖွဲ့များနှင့် အဆက်အသွယ်ရရှိပြီး ဖြစ်သည်။ ခန်ဒါဟာမြို့ရှိ အယ်လ်ခိုင်ဒါဌာနချုပ်မှ သိမ်းဆည်းရမိသော မှတ်တမ်းများအရလည်း ရိုဟင်ဂျာအမည်ခံ စစ်သွေးကြွများကို သင်တန်းပေးနေကြသော ဗီဒီယိုမှတ်တမ်းများကို အမေရိကန် စီအင်အင် သတင်းဌာန ရုပ်မြင်သံကြား အစီအစဉ်များတွင် ပြသခဲ့ပြီးလေပြီ။ **"စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်ကတော့ ဒီ ရိုဟင်ဂျာအမည်ခံ ဒုက္ခသည်စခန်းကလူတွေဟာ နိုင်ငံတကာ ဂျိဟဒ်လှုပ်ရှားမှု ကွန်ရက်တွေနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေကြတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဂျမတ် အစ္စလာမ်မစ် (Jamat Islamic) ပါတီဟာ အစ္စလာမ်မစ်စစ်သွေးကြွအဖွဲ့တွေရဲ့ ကြိုးကိုင်အဖွဲ့ ဖြစ်တယ်။ ရေတွက်ကြည့်ရသလောက် အဖွဲ့ငယ်ပေါင်း တစ်ရာကျော်လောက် ရှိတယ်။ သူတို့ကို အာဖဂန်နစ္စတန်နဲ့ ကက်ရှ်မီးယားမှာ တိုက်ပွဲဝင်ဖို့ ပို့ပေးတယ်။ ဆော်ဒီအာရေဗီးယားလို နိုင်ငံမျိုးက သူတို့ကို ထောက်ခံအားပေးတယ်။ သူတို့ရည်မှန်းချက်က ရခိုင်ပြည်နယ်ကို အစ္စလာမ်မစ်နိုင်ငံတစ်ခုအဖြစ် ပြောင်းလဲပစ်ဖို့ပါပဲ"**ဟု ဘင်္ဂလားဒေ့ရှ် လူ့အခွင့်အရေးလှုပ်ရှားမှု ခေါင်းဆောင် ရှာရီးယား ကာဘီးရ် (Sharian Kabr) က ထုတ်ဖော်ပြောဖူးလေသည်။

ဤသို့ နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းများက မြန်မာ ဘင်္ဂါလီ အကြမ်းဖက်သမားများနှင့် ဆက်စပ်လှုပ်ရှားလာကြသည့် အချိန်တွင် နိုင်ငံတကာမီဒီယာများကလည်း တဖက်သတ် ဝါဒဖြန့်ပေးနေကြလေသည်။ အနောက်နိုင်ငံကြီးများ၏ နောက်ဆုံးပေါ် နယ်ချဲ့လက်နက်ဖြစ်သော အာရ်တူးပီ (R 2 P) မူဖြင့် မြန်မာ့ပြည်တွင်းရေးတွင် ပြောင်ပြောင်တင်းတင်း ဝင်ရောက် စွက်ဖက်ရန် ကြံစည်လာကြသည်။ သက်ဆိုင်ရာအစိုးရက အကာအကွယ် မပေးနိုင်သော အဖိအနှိပ်ခံ လူနည်းစုတစ်ခုကို နိုင်ငံတကာ မိသားစုက ကာကွယ်ပေးရန် တာဝန်ရှိသည်။ (Responsibility to Protect) ဟူသောမူ ဖြစ်သည်။ အနောက်နိုင်ငံကြီးများသည် ဤနည်းဖြင့် ကိုဆိုဗို ခွဲထွက်ရေးကို အထမြောက်အောင် ဖန်တီးပေးခဲ့ကြသည်။ ယင်းအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ရန် ၂၀၁၂ ခု ဩဂုတ်လ ၁ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရောက် ပြည်ပြေးဘင်္ဂါလီတချို့က အစ္စလမ်မစ်ရိုဟင်ဂျာ သမ္မတနိုင်ငံတော် (Islamic Republic of Rahmanland) ကို ဖွဲ့စည်း တည်ထောင်မည်ဖြစ်ကြောင်း နိုင်ငံတကာ သတင်းမီဒီယာများ မှတဆင့် ကြေညာခဲ့လေသည်။ ၂၀၁၄ ခုနှစ် မတ်လ ၂၀ ရက်နေ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှထုတ်ဝေသော ဒါကာထရီဗျွန်းသတင်းစာတွင် ရခိုင်ပြည်နယ်တွင် နိုင်ငံတကာအစီအစဉ်ဖြင့် ဆန္ဒခံယူပွဲကျင်းပပြီး ခရိုင်းမီးယားကဲ့သို့ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းသင့်ကြောင်း ဆောင်းပါးတစ်စောင်ကို ဇီးရှမ်ခန် (Zeeshan Khan) ဆိုသူက ရေးသားထားလေသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို သည်မျှအထိ ထိပါးစော်ကားပြီး ဘိုးဘွားပိုင် ရခိုင်မြေကို လုယူရန် ကြိုးပမ်းနေကြသည်ကို ပြည်ထောင်စုသားအားလုံး နားလည် သဘောပေါက်သင့်ကြပေပြီ။ သည်ပြဿနာ မည်သို့စတင် အမြစ်တွယ်ပြီး ရခိုင်ပြည်သူတို့၏ လူနေမှုဘဝကို မည်သို့ခြိမ်းခြောက်လာသည်ကို ဦးစံထွန်းအောင်ရေးသားသော စာတမ်းငယ်နှစ်ခုကို ဖတ်ရှုခြင်းဖြင့် ရှင်းလင်းစွာ သဘောပေါက်နိုင်ကြသည်ဖြစ်ရာ စာရေးသူ၏ကျေးဇူး ကြီးမားလှသည်ကို မည်သူမျှ မငြင်းနိုင်ချေ။

◆